## နည်းမျိုး ၆၀ ကုလသမဂ္ဂ ဖော်ဆောင်ရာဝယ်

ကမ္ဘာပေါ်တွင် အလွန်တရာပင်ကြီးမားဆိုးရွားလှသည့် စစ်ပွဲကြီးတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ကုလသမဂ္ဂအဖွဲ့ကြီးကို ထူထောင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံမှု တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ပိုမိုလုံခြုံစိတ်ချရသော အခြေခံအုတ်မြစ် ရရှိရေးအတွက်ဆောင်ရွက်ရာ၌ ငြိမ်းချမ်းမှုရရှိစေရန်တို့အတွက် ယင်းကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းထူထောင်ခြင်းဖြစ်သည်။

ကမ္ဘာကြီးတွင်ကျူးကျော်ယားစစ်ပွဲငြိမ်းခြောက်မှု အန္တရာယ်နှင့် မပြီးဆုံးနိုင်တော့ ဟု . . . . . . ယူဆရသောဒေသအတွင်း ပဋိပက္ခများ ဖြစ်ပွားနေချိန်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရမည့်တာဝန်သည် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် ကျရောက်လာခဲ့ပါသည်။ ထို့အပြင် အပြာရောင်ဦးထုပ်ဆောင်း ငြိမ်းချမ်းမှုထိန်းသိမ်းရေးသမားများ၏ လှုပ်ရှားမှုသည်လည်း နေရာတကာနီးပါး မြင်တွေ့လာရသည်။ သို့ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအဖွဲ့အစည်း ဖြစ်သည်သာမကဘဲ ပဋိပက္ခဖြေရှင်းရာအစည်းအဝေးခန်းမကြီးလည်း ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ယင်း၏ မိသားစုဝင်လက်အောက်ခံအဖွဲ့အစည်းများသည် ကမ္ဘာတဝန်းလုံးရှိပြည်သူတို့ တုန့်ပြန်သည်မတုန့်ပြန်သည်ကို ပဓာနမထားဘဲ ယင်းတို့၏လူနေမှုဘဝ တိုးတက်မြင့်မားစေမည့်နည်းလမ်းရှာဖွေသည့်လုပ်ငန်းပေါင်း မြောက်မြားစွာကို စေတနာသက်သက်ဖြင့် ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကလေးသူငယ်များအသက်ရှင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ကာကွယ်ရေး၊ လူ့အခွင့်အရေး၊ ကျန်းမာရေးနှင့် ဆေးဝါးသုတေသနပြုရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ငါးဖမ်းဆီးရေး၊ ပညာရေး၊ အမျိုးသမီးဘဝတိုးတက်မြင့်မားရေး၊ အရေးပေါ်အခြေအနေနှင့်ဘေးဒုက္ခကယ်ဆယ်ရေး၊ လေကြောင်းနှင့်ရေကြောင်းခရီးသွားလုပ်ငန်းလုံခြုံချောမွေ့စေရေး၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး၊ အလုပ်အကိုင်နှင့်အလုပ်သမားအခွင့်အရေးသည် ၁၉၄၅ခုနှစ်ကစ၍ထူထောင်ခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီးဆောင်ရွက်ပေးနေသည့် လုပ်ငန်းဆောင်တာများထဲမှ အနည်းအကျဉ်းမျှ နမူနာအဖြစ် ဖော်ပြလိုက်ခြင်းဖြစ်သည်။

### ၁။ ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ခြင်း။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာတစ်ဝန်း လူနေမှုအဆင့်အတန်း၊ အတတ်ပညာကျွမ်းကျင်မှုနှင့် အလားအလာတို့ကို အထောက်အကူပြုနိုင်ရေးအတွက် အထူးအလေးဂရုပြုပြီး အရင်းအမြစ်ကို မြှုပ်နှံထားသည်။ သက္ကရာဇ် ၂၀၀၀ကတည်းက ယင်းလုပ်ငန်းဆောင်တာကို ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များဖြင့် ဦးဆောင်ထားသည်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏အသုံးစရိတ်မပါ ကုလသမဂ္ဂအဖွဲ့ကြီး၏ နှစ်စဉ်အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ သန်း ၁၀,၀၀၀ ကျော်ရှိသည်။ ဥပမာအားဖြင့်ပြရလျှင် နိုင်ငံပေါင်း ၁၆၆ နိုင်ငံရှိ ဝန်ထမ်းများထားရှိသည့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလွန်အမင်းဆင်းရဲတွင်းနက်နေမှု ပပျောက်စေရေးနှင့် အုပ်ချုပ်မှုပိုမိုကောင်းမွန်အောင် မြှင့်တင်ပေးရေးတို့အတွက် ကုလသမဂ္ဂ၏လုပ်ဆောင်ချက်များတွင် ထိပ်တန်းမှပါဝင်ပေးနေခြင်းပင်ဖြစ်သည်။ ကုလသမဂ္ဂကလေးများရန်ပုံငွေဖွဲ့(ယူနီဆက်ဖ် - UNICEF)သည် နိုင်ငံပေါင်း ၁၅၇ နိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်နေပြီး နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၁၂,၀၀၀ ကျော်ကို သုံးစွဲလျက်ရှိသည်။ ယူနီဆက်ဖ်၏ ယင်းသုံးစွဲငွေများတွင် အဓိကအားဖြင့် ကလေးသူငယ်များအား ကာကွယ်ရေး၊ ကျန်းမာသန်စွမ်းရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနှင့် အမျိုးသမီးငယ်များပညာရေးဟူသော ကဏ္ဍအသီးသီးတွင် အသုံးပြုခဲ့သည်။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးညီလာခံ(အန်ကတက်- **UNCTAD**)သည် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များအတွက် ကုန်သွယ်မှုအခွင့်အလမ်းများ အများဆုံးရရှိစေရန် ကမ္ဘာ့နိုင်ငံများအား ကူညီပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအား တစ်နှစ်လျှင်စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၈,၀၀၀ မှ ၂၀,၀၀၀ အထိ ချေးငွေနှင့်ထောက်ပံ့ငွေများကို ထုတ်ပေးလျက်ရှိသည်။ အမှန်စင်စစ် ဖွံ့ဖြိုးရေးအကူအညီဆိုင်ရာရန်ပုံငွေအားလုံးသည် နိုင်ငံများမှလှူဒါန်းသည့် အလှူငွေများဖြစ်သည်။

### ၂။ ဒီမိုကရေစီရေး မြှင့်တင်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာတဝန်း ဒီမိုကရေစီရေးရာအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအလေ့အကျင့်များ ပိုမိုကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံများစွာရှိပြည်သူများ လွတ်လပ်၍မျှတသော လွတ်လပ်ရေးများတွင် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများတွင် ကမ္ဘောဒီးယား၊ နမီးဘီးယား၊ အယ်ဆားဗေဒို၊ အီရီထရီးယား၊ မိုဇမ်ဘစ်၊ နီကာရာဂွါ၊ တောင်အာဖရိက၊ ကိုဆိုဗိုနှင့် အရှေ့တီမောနိုင်ငံတို့လည်း ပါဝင်သည်။ ထို့အပြင် ကုလသမဂ္ဂအဖွဲ့ကြီး

သည် နိုင်ငံပေါင်း ၉၀ ကျော်တွင် ရွေးကောက်ပွဲမဲရေတွက်မှုကြီးကြပ်ခြင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ အကြံဉာဏ်နှင့်အကူအညီများကို ပေးနိုင်ခဲ့သည်။ သက်ဆိုင်ရာနိုင်ငံများတွင် မဖြစ်မနေပါဝင်ရမည့်အခြေအနေမျိုးများ၌ ယင်းကဲ့သို့ အကူအညီပေးခြင်းဖြစ်သည်။ ယင်းကဲ့သို့ ကူညီရာတွင် အာဖဂန်နစ္စတန်၊ အီရတ်နှင့် ဘူရွန်ဒီ နိုင်ငံများသည် ထင်ရှားသည်။

## ၃။ လူ့အခွင့်အရေးဆိုင်ရာမြှင့်တင်ခြင်း

၁၉၄၈ခုနှစ် အထွေထွေညီလာခံကြီး၌ လူ့အခွင့်အရေးကြေငြာချက်(Universal Declaration of Human Rights)ကို ထုတ်ပြန်ပြဋ္ဌာန်းပြီးချိန်မှစ၍ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံရေး၊ အများပြည်သူတို့အရေး (Civil)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်ရေးများနှင့်ပတ်သက်၍ အနှစ်သာရပြည့်ဝသည့် သဘောတူညီချက်များကို ဒါဇင်နှင့်ချီ၍ ချုပ်ဆိုနိုင်ရေးအတွက် အထောက်အကူပြုပေးခဲ့သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများသည် လူတစ်ဦးချင်း၏ တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးကာ ညှင်းပန်းနှိပ်စက်မှု၊ ပျောက်ဖျက်မှုနှင့် တစ်ဖက်သတ် ဖမ်းဆီးချုပ်နှောင်မှုတို့အပေါ် ကမ္ဘာ၏အာရုံစိုက်မှုကို အလေးထားဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် အစိုးရအဖွဲ့အစည်းများ ယင်းတို့၏လူ့အခွင့်အရေးမှတ်တမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လာစေရန် နိုင်ငံတကာဖိအားပေးမှုများရှိလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

## ၄။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၀၅ခုနှစ်တွင် ကမ္ဘာပေါ်ရှိ စစ်မက်ပဋိပက္ခများဖြစ်ပွားရာဒေသများသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လေ့လာရေးမစ်ရှင် စုစုပေါင်း ၆၀ ကို စေလွှတ်ကာ ပြည်သူများ စစ်ဘေးဒဏ်သင့်ရမည့် အနေအထားမှ ကယ်တင်နိုင်ခဲ့ပြီး ညှိစပ်ဆွေးနွေးခြင်းနည်းဖြင့် တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘာတဝန်း၌ လောလောဆယ်တွင်ပင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းပေါင်း ၁၆ ခု ရှိနေသည်။

## ၅။ ငြိမ်းချမ်းမှုရရှိအောင်ဆောင်ရွက်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၄၅ခုနှစ်မှစ၍ နောက်ပိုင်းတွင် ငြိမ်းချမ်းစွာဖြေရှင်းမှုပေါင်း ၁၇၀ ကျော် ရရှိအောင် ညှိစပ်ညှိနှိုင်းရာတွင် အထောက်အကူပြုပေးနိုင်ခဲ့သည်။ ယင်းကဲ့သို့ ငြိမ်းချမ်းစွာဖြေရှင်းပေးနိုင်ခဲ့မှုများကြောင့် ဒေသတွင်းပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့သည်။ ဥပမာပြောရလျှင် အီရန်-အီရတ်စစ်ပွဲပြီးဆုံးသွားခြင်း၊ အာဖဂန်နစ္စတန်နိုင်ငံမှ ဆိုဗီယက်တပ်များ ရုပ်သိမ်းသွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းနှင့် အယ်ဆာဗေဒိုနှင့် ဂွါတီမာလာတို့တွင် ပြည်တွင်းစစ်များအဆုံးသတ်အောင်ဆောင်ရွက်ခြင်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် စစ်ပွဲများဖြစ်လုဆဲဆဲအခြေအနေမျိုးမှ ရှောင်လွှဲနိုင်စေရန် အေးချမ်းတည်ငြိမ်သော သံတမန်နည်းလမ်းကို အသုံးပြုလျက်ရှိသည်။

## ၆။ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် တစ်ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ပြဿနာ ဖြေရှင်းနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် အားလုံးတစ်သဘောတည်း စိတ်တူသဘောတူရှိစေရန်နှင့် သဘောတူညီချက်များရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာဆွေးနွေးပွဲတစ်ရပ်ကိုပြုလုပ်ကာ ရာသီဥတုပြောင်းလဲမှု၊ အိုဇုန်းလွှာကုန်ခမ်းမှု၊ အဆိပ်ဖြစ်စေသောပစ္စည်းများစွန့်ပစ်မှု၊ သစ်တောနှင့်မျိုးဇီဝများဆုံးရှုံးမှု၊ လေထုနှင့်ရေထုညစ်ညမ်းမှု စသည့် တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာများ ဖြေရှင်းနိုင်အောင် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ အကယ်၍ ယင်းပြဿနာများကို အာရုံစိုက်ဖြေရှင်းခြင်းမပြုနိုင်ပါက ဈေးကွက်များသည်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများသည်လည်းကောင်း၊ ရေရှည်တည်တံ့နိုင်လိမ့်မည်မဟုတ်။ သဘာဝပတ်ဝန်းကျင်ဆုံးရှုံးပါက လူ့ဘောင်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားတို့အသက်ရှင်နေထိုင်ရေးအတွက် အခြေခံအားကိုးအားထားပြုရသည့် သဘာဝ " အရင်းအနှီး " များ ဆုံးရှုံးပျက်စီး ပြုန်းတီးမည်သာ ဖြစ်သည်။

## ၇။ နျူကလီးယားပြန့်နှံ့ခြင်းကို တားဆီးကာကွယ်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ-IAEA)မှတဆင့် ကမ္ဘာပေါ်ရှိ နိုင်ငံများ နျူကလီးယားလက်နက်များလျှို့ဝှက်ထုတ်လုပ်ရန်မဟုတ်သောနျူကလီးယားနည်းပညာ အသုံးပြုနိုင်အောင် ကူညီပေးလျက်ရှိသည်။ အိုင်အေအီးအေသည် နိုင်ငံပေါင်း ၇၀ ကျော်ရှိ ရာပေါင်းများစွာသော နျူကလီးယားအဆောက်အအုံဓါတ်ပေါင်းဖိုများကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ယနေ့ထိဆိုလျှင် နိုင်ငံ ၁၅၂ နိုင်ငံနှင့်

ချက်ကလီးယားဘေးအန္တရာယ်ကာကွယ်ရေးသဘောတူချက် ၂၇၇ ခုကို ချုပ်ဆိုအကောင်အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်သည်။

### ၈။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် လွတ်လပ်ခွင့်မြှင့်တင်ခြင်း

၁၉၄၅ခုနှစ် ကုလသမဂ္ဂအဖွဲ့ကြီးထူထောင်ခဲ့သည့်အချိန်က ကမ္ဘာ့လူဦးရေသုံးပုံတစ်ပုံနီးပါးရှိသော လူသန်း ၇၅၀ သည် ကိုလိုနီအင်အားကြီးနိုင်ငံများအား မှီခိုနေရသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရှိသောနယ်မြေများတွင် နေထိုင်ကြရသည်။ ယင်းနိုင်ငံ ၈၀ ကျော်ကို လွတ်လပ်ရေးရရှိအောင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ ယင်းနိုင်ငံ ၈၀ ကျော်တို့သည် ယခုအခါ အချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ် ရောက်ရှိနေကြပြီဖြစ်သည်။

### ၉။ ရာဇဝတ်ကောင်များအား တရားစွဲဆိုခြင်း

ယခင် ယူဂိုဆလားဗီးယားနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့အတွက် ဖွဲ့စည်းတည်ထောင်ထားသော ကုလသမဂ္ဂ စစ်ခုံရုံးများသည် စစ်ရာဇဝတ်ကောင်များအား ပြစ်ဒါဏ်များချမှတ်ပြီး ထောင်သွင်းအကျဉ်းချခဲ့သည်။ ထို့အပြင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အရေးပါသည့်ဥပဒေကိုလည်း ထုတ်ပြန်ခဲ့သည်။ စစ်ဘေးသင့်ရာဒေသများရှိ ပြည်သူများ ကျေနပ်လက်ခံသည့်ပြစ်ဒါဏ်များကို ချမှတ်နိုင်အောင်လည်း ဆောင်ရွက်နိုင်ခဲ့သည်။

### ၁၀။ တောင်အာဖရိကတွင် အသားအရောင်ခွဲခြားမှု ချုပ်ငြိမ်းအောင်ဆောင်ရွက်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် လက်နက်ရောင်းချမှု ပိတ်ပင်ခြင်းမှသည် အသားအရောင် ခွဲခြားမှုဆန့်ကျင်ရေး ညီလာခံကြီးများအထိ ဆောင်ရွက်ခဲ့ခြင်းဖြင့် အသာအရောင်ခွဲခြားမှုစနစ် ကျဆုံးအောင် ဆောင်ရွက်ရာ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် တောင်အာဖရိက နိုင်ငံသားအားလုံး တန်းတူရည်တူ ပါဝင်ဆင်နွှဲ နိုင်သည့် ရွေးကောက်ပွဲများကို ကျင်းပပေးနိုင်ခဲ့ခြင်းအားဖြင့် လူမျိုးစုံပါဝင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

### ၁၁။ အပြည်ပြည်ဆိုင်ရာဥပဒေ တောင့်တင်းခိုင်မာအောင်ဆောင်ရွက်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီး၏ကြိုးပမ်းအားထုတ်မှုဖြင့် လူ့အခွင့်အရေးကိစ္စ၊ အကြမ်းဖက်ဝါဒကိစ္စ၊ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာကိစ္စ၊ ဒုက္ခသည်ဆိုင်ရာကိစ္စ၊ လက်နက်ဖျက်သိမ်းရေးကိစ္စ၊ ကုန်စည်ဆိုင်ရာကိစ္စနှင့် သမုဒ္ဒရာကိစ္စ များနှင့် သက်ဆိုင်သည့် နိုင်ငံစုံသဘောတူစာချုပ်ပေါင်း ၅၀၀ ကျော်ကို ချုပ်ဆိုနိုင်ခဲ့သည်။

### ၁၂။ စစ်ဘေးဒုက္ခသည်များအား လူသားချင်း စာနာထောက်ထားသည့်အကူအညီများပေးခြင်း

၁၉၅၁ခုနှစ်မှစ၍ စစ်ပြေးဒုက္ခသည်များ၊ ငတ်မွတ်ခေါင်းပါးနေသူများ၊ နှိပ်စက်ညှင်းပမ်းခံရသူများ စုစုပေါင်း လူသန်း ၅၀ ကျော်တို့သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(ယူအင်အိပ်ချ်စီအာ-UNHCR)၏ အကူအညီများကိုရရှိခဲ့ကြသည်။ အခြားကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများလည်း ယင်းတို့အား ကူညီပံ့ပိုးပေးကြသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးသည် မိခင်နိုင်ငံသို့ပြန်ပို့ခံရသည့် ဒုက္ခသည်များအား အကြောင်းခိုင်လုံမှုရှိပါက ကူညီစောင့်ရှောက်ပေးခြင်းဖြင့်လည်းကောင်း၊ ကြားနိုင်ငံ(တတိယနိုင်ငံ)များတွင် နေထိုင်ခွင့်ရရှိအောင် ကူညီပေးခြင်းဖြင့်လည်းကောင်း၊ ရေရှည် သို့မဟုတ် အရှည်တည်တံ့သည့် နည်းလမ်းများကို ရှာဖွေဖြေရှင်းပေးနိုင်ခဲ့သည်။ ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းသူများ၊ ပြည်တွင်းပြည်ပတွင် နေရာရွှေ့ပြောင်းခံရသူများ စုစုပေါင်း ၁၉ သန်းကျော်ရှိသည်။ ယင်းတို့အနက် အများစုမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဖြစ်ကြသည်။ ယင်း ၁၉ သန်းကျော်တို့သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ စားနပ်ရိက္ခာ၊ နေရာထိုင်ခင်း၊ ဆေးဝါးအကူအညီ၊ ပညာရေးနှင့် နိုင်ငံရင်းသို့ပြန်ပို့မှုဆိုင်ရာ အထောက်အပံ့ စသည်တို့ကို ရရှိခံစားကြရသည်။

### ၁၃။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ တာရှည်ငတ်မွတ်မှုနှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျော့နည်းမှု ပျောက်အောင်ဆောင်ရွက်ခြင်း

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနိုင်ငံတကာရန်ပုံငွေအဖွဲ့(အိုင်အက်ဖ်အေဒီ-IFAD)သည် ကျေးလက်ဒေသနေ ဆင်းရဲသားပြည်သူများ ဆင်းရဲတွင်းမှကျော်လွှားလွတ်မြောက်နိုင်ရေးအတွက် အသေးစားထောက်ပံ့ငွေများ ထုတ်ပေးသည့်စနစ်ကို ချမှတ်စီစဉ်ပေးလျက်ရှိသည်။ အိုင်အက်ဖ်အေဒီသည် ယင်းချေးငွေလုပ်ငန်းများစတင်သည့်

၁၉၇၈ခုနှစ်မှစ၍ စီမံကိန်းနှင့်အစီအစဉ်ပေါင်း ၆၇၆ ခုတွင် အမေရိကန်ဒေါ်လာ သန်း ၈,၅၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။ ယင်းစီမံကိန်းနှင့်အစီအစဉ်တို့ကြောင့် ပြည်သူ သန်း ၂၅၀ ကျော်တို့ အကျိုးခံစားကြရပြီးဖြစ်သည်။ အိုင်အက်ဖ်အေဒီ၏ရန်ပုံငွေအားလုံးသည် ကမ္ဘာ့နိုင်ငံများမှ စေတနာဖြင့်ထောက်ပံ့သည့် စေတနာငွေကြေးများဖြစ်သည်။

## ၁၄။ ပါလက်စတိုင်း ဒုက္ခသည်များအား ကူညီပံ့ပိုးခြင်း

တစ်ဖက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကမ္ဘာ့မိသားစုနိုင်ငံများက ကြိုးပမ်းအားထုတ်နေသည့်နည်းတူ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း ကယ်ဆယ်ရေးနှင့်လူမှုဖွံ့ဖြိုးရေးအေဂျင်စီတစ်ခုဖြစ်သော အရှေ့အနီးပိုင်းဒေသရှိပါလက်စတိုင်းဒုက္ခသည်များအတွက်ကုလသမဂ္ဂကယ်ဆယ်ရေးနှင့်အလုပ်အကိုင်နေရာချထားရေးအဖွဲ့(ယူအင်အာဒဗလျူအေ-UNRWA)သည် ပါလက်စတိုင်းဒုက္ခသည်များအား သားစဉ်မြေးဆက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ငွေရေးကြေးရေးနှင့် အရေးပေါ်အကူအညီများ ပေးခဲ့သည်။ ယခုအခါ ယူအင်ဒဗလျူအေတွင် အရှေ့အလယ်ပိုင်းရှိ ဒုက္ခသည် လေးသန်းကျော်တို့ မှတ်ပုံတင်ထားကြပြီးဖြစ်သည်။

## ၁၅။ အာဖရိကဖွံ့ဖြိုးတိုးတက်ရေး အာရုံစိုက်ဆောင်ရွက်ခြင်း

အာဖရိကတိုက်သည် ကုလသမဂ္ဂ၏ အထူးဦးစားပေးဆောင်ရွက်ပေးရမည့်အခြေအနေ၌ပင် ဆက်လက်တည်ရှိနေသေးသည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် အာဖရိကစီးပွားရေး ဦးမော့လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာထောက်ပံ့ကူညီမှုများရရှိအောင် လှုံ့ဆော်နိုင်ရေးအတွက် အထူးအစည်းအဝေးတစ်ရပ်ကို ၁၉၈၆ခုနှစ်တွင် ကျင်းပနိုင်ခဲ့သည်။ ၂၀၀၁ခုနှစ်တွင် အာဖရိကနိုင်ငံအကြီးအကဲများသည် အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတိုက်(continent)ကိုယ်ပိုင်အစီအစဉ်ကို ချမှတ်ပြဋ္ဌာန်းခဲ့ကြသည်။ ယင်းအစီအစဉ်သည် အဖရိကတိုက်အား နိုင်ငံတကာအကူအညီများရရှိစေရေးအတွက် အဓိကကျသည့်အစီအစဉ်အဖြစ် အထွေထွေညီလာခံက ၂၀၀၂ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ယင်းအစီအစဉ်ကို အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီးပွားဖက်အသစ်များရရှိရေးအစီအစဉ်ဟု ပေးထားသည်။ အာဖရိကတိုက်အနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအသုံးစရိတ်၏ ၃၃ ရာခိုင်နှုန်းကို ရရှိခံစားနေရသည်။ ယင်းပမာဏသည် အခြားဒေသများနှင့်စာလျှင် အကြီးမားဆုံးပမာဏဖြစ်သည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအားလုံးက အာဖရိကအကျိုးစီးပွားရရှိစေမည့်အထူးအစီအစဉ်များ ချမှတ်ထားသည်။

## ၁၆။ အမျိုးသမီးဘဝ သာယာဝပြောစေရေးမြှင့်တင်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် အမျိုးသမီးများတန်းတူရည်တူရှိမှုနှင့်သာယာဝပြောမှု တိုးတက်ရရှိအောင် အထောက်အကူပြုလျက်ရှိသည်။ ကုလသမဂ္ဂအမျိုးသမီးများဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ(ယူနီဖမ်းမ်-UNIFEM)နှင့် အမျိုးသမီးများတိုးတက်ရေးအတွက်အပြည်ပြည်ဆိုင်ရာသုတေသနနှင့်လေ့ကျင့်ရေးသိပ္ပံ(အင်စထော-INSTRAW)တို့သည် နိုင်ငံပေါင်း ၁၀၀ ကျော်ရှိ အမျိုးသမီးများဘဝ အရည်အသွေးမြင့်မားရေးနှင့် အမျိုးသမီးအခွင့်အရေး တိုးတက်ရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အင်စထောသည် သုတေသနနှင့်လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အင်စထောသည် အမျိုးသမီးများအား အကြမ်းဖက်မှုဖယ်ရှားရေး၊ အပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါမပြန့်ပွားအောင်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများ စီးပွားရေးလုံခြုံမှုရရှိစေရေးအတွက် နည်းလမ်းရှာဖွေပေးသည့်စီမံကိန်းများကို ထောက်ပံ့ပေးလျက်ရှိသည်။ ဥပမာအားဖြင့် အမျိုးသမီးများ နေထိုင်ပိုင်ခွင့်၊ အမွေဆက်ခံခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် တိုးမြှင့်ရရှိစေခြင်းတို့ ဖြစ်သည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအားလုံးသည် အမျိုးသမီးများလိုအပ်ချက်အားလုံးကို ထည့်သွင်းစဉ်းစားရသည်။

## ၁၇။ အမျိုးသမီး အခွင့်အရေး တိုးတက်ရရှိအောင် မြှင့်တင်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီး၏ရေရှည်ဦးတည်ရည်မှန်းချက်မှာ အမျိုးသမီးများဘဝ တိုးတက်မြင့်မားရန်နှင့် အမျိုးသမီးများ မိမိတို့ ကိုယ်အားကိုယ်ကိုးဘဝရပ်တည်ချက်အပေါ် ပိုမိုကွပ်ကဲထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသမီးများလုပ်ပိုင်ခွင့်များရရှိစေရန်ပင် ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၇၅ခုနှစ်တွင် မက္ကဆီကိုစီးတီး၌ ပထမဦးဆုံးအကြိမ် ကမ္ဘာ့အမျိုးသမီးများကွန်ဖရင့်ကို ကျင်းပနိုင်ခဲ့သည်။ ကုလသမဂ္ဂကကြီးမှူး၍ နိုင်ငံတကာအမျိုးသမီးများဆယ်စုနှစ်ကာလအတွင်း အခြားကွန်ဖင်းရှင်းနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများအခွင့်အရေး တိုးတက်မြင့်မားစေရေးအတွက် ယင်းဆယ်စုနှစ်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများအား မည့်သည့်ပုံစံဖြင့်မဆို

ခွဲခြားဆက်ဆံမှုအားဖယ်ရှားရေးကုလသမဂ္ဂကွန်ဗင်းရှင်းသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများအခွင့်အရေး တိုးတက်ရရှိစေရေးအတွက် အထောက်အကူပြုနိုင်ခဲ့သည်။ ယင်းကွန်ဗင်းရှင်းကို နိုင်ငံ ၁၈၀ က အတည်ပြုခဲ့သည်။

## ၁၈။ သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေပေးခြင်း

ပထမအကြိမ်ကုလသမဂ္ဂသောက်သုံးရေဆိုင်ရာ၁၀စုနှစ် (၁၉၈၁-၁၉၉၀) ကာလအတွင်း လူ သန်း ၁,၀၀၀ ကျော်တို့သည် ယင်းတို့၏ ဘဝတလျှောက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် သန့်ရှင်းသောသောက်ရေကို ရရှိသောက်သုံးကြရသည်။ တစ်ဖန် ၁၉၉၀ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ်ကာလတွင်း လူ သန်း ၁,၁၀၀ တို့သည် သန့်ရှင်းသော သောက်သုံးရေကို ရရှိသောက်သုံးကြရပြန်သည်။ နိုင်ငံတကာရေချိုနှစ်ဖြစ်သည့် ၂၀၀၃ခုနှစ်တွင် ယင်းအလွန်အဖိုးထိုက်တန်သည့်ရေကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည်ဆိုသည့်အသိများ ပိုမိုကျယ်ပြန့်စွာရရှိခဲ့သည်။ ဒုတိယအကြိမ်နိုင်ငံတကာရေအရင်းအမြစ်၁၀စုနှစ် (၂၀၀၅-၂၀၁၅)သည် သန့်ရှင်းသော သောက်သုံးရေ မရရှိသူ အချိုးအစားကို ထက်ဝက်အထိ အတိအကျလျှော့ချနိုင်ရန် ရည်ရွယ်ထားသည်။

## ၁၉။ ပိုလီယိုအကြောသေရောဂါ ပပျောက်ရေးဆောင်ရွက်ခြင်း

ယနေ့အထိ နိုင်ငံတကာပြည်သူ့ကျန်းမာရေးလုပ်ငန်းကို အကျယ်ပြန့်ဆုံးပြုလုပ်နေသည့် ပိုလီယိုအကြောသေရောဂါ ပပျောက်ရေးအတွက် တစ်ကမ္ဘာလုံး ပိုလီယိုအကြောသေရောဂါချုပ်ငြိမ်းရေး ဦးစီးဦးဆောင်ပြုလုပ်သည့်အစီအစဉ်ကြောင့် အာဖဂန်နစ္စတန်၊ အီဂျစ်၊ အိန္ဒိယ၊ နိုင်ဂါ၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန် စုစုပေါင်း နိုင်ငံခြောက်နိုင်ငံမှအပ ကျန်ကမ္ဘာ့နိုင်ငံများတွင် ပိုလီယိုအကြောသေရောဂါ ပပျောက်နေပြီဖြစ်သည်။ ယင်းကဲ့သို့ ဦးစီးဦးဆောင်ပြု ကြိုးပမ်းအားထုတ်မှု၏ကျေးဇူးကြောင့် ကလေးသူငယ် ၅ သန်းနီးပါးသည် ပိုလီယိုအကြောသေရောဂါဘေးမှ ကင်းဝေးခဲ့ရသည်။ ဦးစီးဦးဆောင်ပြုလုပ်ခဲ့ကြသည့်အဖွဲ့အစည်းများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို-WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေ(ယူနီဆက်ဖ်-UNICEF) နိုင်ငံတကာအဖွဲ့အစည်းများနှင့် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဌာနတို့ ပါဝင်သည်။ ကမ္ဘာတစ်ဝန်းရှိနိုင်ငံ ၁၂၅ နိုင်ငံရှိ ကလေးသူငယ်များ ခံစားခဲ့ရသော အဆိုပါပိုလီယိုအကြောသေရောဂါသည် ယခုအခါ ချုပ်ငြိမ်းပပျောက်လုနီးပါး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

## ၂၀။ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကို တုန့်ပြန်ခြင်း

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာကုလသမဂ္ဂပူးတွဲအစီအစဉ်(ယူအင်အေ့စ်-UNAIDS)သည် ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၄၀ နီးပါးကို ကူးစက်နေသည့် ယင်းအိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ယူအင်အေ့စ်သည် အိပ်ချ်အိုင်ဗွီတားဆီးရေး၊ ကုသရေးအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံပေါင်း ၁၃၀ ကျော်နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ယင်းနိုင်ငံများသည် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ရောဂါကူးစက်မှုမှလျော့နည်းစေရေးနှင့် ယင်းရောဂါဖိစီးမှုမှသက်သာစေရေးတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။ ယူအင်အေ့စ်သည် အခြားသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ၁၀ ခုနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## ၂၁။ ကျောက်ရောဂါပပျောက်အောင်ဆောင်ရွက်ခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကျောက်ရောဂါပပျောက်ရေးအတွက် ၁၃ နှစ်ကြာမျှ ကြိုးပမ်းအားထုတ်ခဲ့ပြီးနောက် ၁၉၈၀ပြည့်နှစ်တွင် ဤကမ္ဘာမြေပေါ်မှ လုံးဝချုပ်ငြိမ်းကွယ်ပျောက်သွားခဲ့သည်။ ကျောက်ရောဂါ ပပျောက်ရေးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ သုံးစွဲခဲ့ရသည်။

## ၂၂။ ကပ်ပါးရောဂါတိုက်ဖျက်ရေးဆောင်ရွက်ခြင်း

အနောက်အာဖရိကနိုင်ငံ ၁၁ နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအစဉ်တစ်ခုသည် မျက်စိရေတိမ်(Omchocenciasis) ပပျောက်အောင် ဖယ်ရှားနိုင်ခဲ့သည်။ ကလေးသူငယ် ၁၁ သန်းကို မျက်စိကွယ်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့သည်။ လယ်ယာစိုက်ပျိုးမြေဟက်တာ ၂၅ သန်းတွင် လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၁၉၉၁ခုနှစ်တွင် မြောက်အာဖရိက၌ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် dreaded screworm ခေါ်မျက်စိကပ်ပါးရောဂါတစ်မျိုးကို ပပျောက်အောင် ကုသပေးနိုင်ခဲ့သည်။ ယင်း dreaded Screwormပိုးသည် လူနှင့် တိရစ္ဆာန်တို့၏ အသားကို စားနိုင်

သည်၊ Guinla wormနှင့် အခြားသောအပူပိုင်းရောဂါများမှလူများစွာကိုလည်း ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြားအစီအစဉ်များဖြင့် ကယ်တင်နိုင်ခဲ့သည်။

## ၂၃။ ကူးစက်ရောဂါများ မပြန့်ပွားအောင်ဟန့်တားခဲ့ခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကူးစက်ပြင်းထန်နမိုးနီးယားအဆုတ်ရောင်ရောဂါ(SARS) မပြန့်ပွားအောင် ကူညီဆောင်ရွက်ခဲ့သည်။ အကယ်၍သာ ယင်းရောဂါမပြန့်ပွားအောင် မဆောင်ရွက်နိုင်ခဲ့ပါမူ လူထောင်ပေါင်းများစွာ သေကြေပျက်စီးရဖွယ်ရှိသည်။ ၂၀၀၃ခုနှစ် မတ်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို-WHO)က တစ်ကမ္ဘာလုံးအား တပ်လှန့်သတိပေးလှုံ့ဆော်ပြီး ခရီးသွားလာရေးဆိုင်ရာအကြံပြုသတိပေးချက်များ ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ရောဂါမကူးစက်မပြန့်ပွားအောင် ကာကွယ်တားဆီးနိုင်ခဲ့ရုံသာမက ရောဂါဘယဖြစ်ပွားမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဒဗလျူအိပ်ချ်အိုသည် နှစ်စဉ် (SARS) ရောဂါကပ်ဆိုးဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါရှင် ၂၀၀ မှ ၂၅၀ အထိ စုံစမ်းစစ်ဆေးဖော်ထုတ်ပေးခဲ့သည်။ နှစ်စဉ်ပျမ်းမျှ SARSရောဂါဖြစ်ပွားမှု ၅မှုမှ ၁၅ခုအထိသည် နိုင်ငံတကာကအထူးဂရုပြုအာရုံစိုက်တုန့်ပြန်ရန် လိုအပ်လျက်ရှိသည့်အခြေအနေတွင် ရှိနေသည်။

## ၂၄။ တစ်ကမ္ဘာလုံးဆိုင်ရာ ရောဂါကြိုတင်ကာကွယ်ရေး ကြိုးပမ်းအားထုတ်ခြင်း

ရောဂါကြိုတင်ကာကွယ်နိုင်ခဲ့ခြင်းကြောင့် လွန်ခဲ့သည့်ဝ၀စုနှစ်နှစ်ခုအတွင်း လူ သန်း ၂၀ ကျော်ကို အသက်ဘေးမှ လွတ်မြောက်အောင် ကယ်တင်ပေးနိုင်ခဲ့သည်။ ယူနီဆက်ဖ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အဓိကကျသောရောဂါကြီးခြောက်မျိုးဖြစ်သည့် ပိုလီယိုအကြောသေရောဂါ၊ မေးခိုင်ရောဂါ၊ ဝက်သက်ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ဆုံဆို့နာနှင့် တီဘီရောဂါတို့ ကြိုတင်ကာကွယ်နိုင်သည့် နှုန်းများသည် ၁၉၇၀ပြည့်နှစ်များအစောပိုင်းတွင် ၅ရာခိုင်နှုန်းအောက်ရှိရာမှ ယခုအခါ ၇၆ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်။ ဝက်သက်ရောဂါကြောင့်သေဆုံးမှုသည် ၁၉၉၉ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း ၅၀ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သည်။ မေးခိုင်ရောဂါကာကွယ်ဆေးကြောင့် မိခင်နှင့်ကလေး ထောင်ပေါင်း ရာပေါင်းများစွာတို့ အသက်ရှင်ခဲ့ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၀၄ နိုင်ငံတွင် အဆိုပါမေးခိုင်ရောဂါ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သည်။

## ၂၅။ ကလေးသေဆုံးနှုန်းလျော့ကျအောင်ဆောင်ရွက်ခြင်း

၁၉၆၀ပြည့်နှစ်များအစပိုင်းတွင် ကလေးသူငယ်ငါးဦးလျှင် တစ်ဦးနီးပါးမျှသည် အသက်ငါးနှစ်မပြည့်မီ သေဆုံးခဲ့ကြရသည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများက ရေနှင့်သန့်ရှင်းရေးနည်းအပြင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာပြုစုစောင့်ရှောက်ရေးအစီအစဉ်အဖြစ် ရေဓါတ်အသုံးပြုကုသခဲ့မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးသူငယ်သေဆုံးနှုန်းသည် ၂၀၀၂ခုနှစ်၌ ၁၂ဦးလျှင် ၁ဦးမျှမပြည့်အောင် လျော့ကျသွားခဲ့ရသည်။ ကုလသမဂ္ဂ၏ ရည်မှန်းချက်မှာ ၁၉၉၀ပြည့်နှစ်ကရှိခဲ့သော ငါးနှစ်အောက်ကလေးသူငယ်သေဆုံးနှုန်းကို ၂၀၀၅ခုနှစ်၌ သုံးပုံနှစ်ပုံအထိ လျှော့ချသွားရန်ဖြစ်သည်။

## ၂၆။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အခြေအနေများချမှတ်ခြင်း

ကုလသမဂ္ဂအဖွဲ့အစည်းသည် စီးပွားရေးလုပ်ငန်းများအတွက် အားကိုးအားထားပြုရန်ကောင်းမွန်သည့် အဖွဲ့အစည်းဖြစ်သည်။ ကုလသမဂ္ဂသည် နိုင်ငံတကာကလက်ခံသည့် နည်းပညာဆိုင်ရာ " စံ " များကို ညှိနှိုင်းရာ ဖွေကာ ကမ္ဘာ့စီးပွားရေးအတွက် အများလိုက်နာနိုင်သောအခြေခံအဆောက်အအုံများ ဖြန့်ဝေပေးစွမ်းနိုင်ခဲ့သည်။ နိုင်ငံတကာလက်ခံသည့်နည်းပညာဆိုင်ရာ " စံ " များမှာ စာရင်းဇယားဆိုင်ရာ " စံ " များ၊ အကောက်အခွန် စည်းမျည်းစည်းကမ်းဆိုင်ရာ " စံ " များ၊ ကုန်သွယ်ရေးဥပဒေဆိုင်ရာ " စံ " များ၊ လေကြောင်းဆိုင်ရာ " စံ " များ၊ သင်္ဘောသွားလာရေးနှင့် ကြေးနန်းဆက်သွယ်ရေးဆိုင်ရာ" စံ " များဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ ချောမောအောင် ဆောင်ရွက်ကာ ရောင်းရေးဝယ်တာလုပ်ငန်းကုန်ကျစရိတ်လျော့ကျအောင် ပြုလုပ်နိုင်ခဲ့သည်။ ကုလသမဂ္ဂသည် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် အထောက်အကူပြုကာ အုပ်ချုပ်ရေးကောင်းမွန်အောင် ကူညီပံ့ပိုးပြီး အဂတိလိုက်စားမှု လာဒ်ပေးလာဒ်ယူမှုတိုက်ဖျက်ရင်း၊ စီးပွားရေးဆိုင်ရာမူဝါဒများအပြင် စီးပွားရေးလုပ်ငန်းနှင့်အကျုံးဝင်ရှိသည့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအပေါ် ထိုက်သင့်သလို ပြုပြင်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်မည့် အခြေခံလုပ်ငန်းများ ချမှတ်ပေးနိုင်ခဲ့သည်။

## ၂၇။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စက်မှုလုပ်ငန်းများအား အထောက်အကူပေးခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကုလသမဂ္ဂစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ယူနီဒို-UNIDO)၏ ကြီးပမ်းမှုဖြင့် ဆင်းရဲသည့်နိုင်ငံများနှင့် ချမ်းသာသည့်နိုင်ငံများ စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ ချမ်းသာသည့်နိုင်ငံများအချင်းချင်း စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးတွင်လည်းကောင်း ကြားဝင်ဆောင်ရွက်ပေးသည့်တိုင် အောင်သွယ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ အောင်သွယ်လုပ်ရာတွင် စီးပွားရေးလုပ်ငန်းများအားကူညီပံ့ပိုးပေးခြင်း၊ ရင်းနှီးမြုပ်နှံမှုများပြုလုပ်စေခြင်း၊ နည်းပညာလွှဲပြောင်းပေးမှုများ ဆောင်ရွက်စေခြင်းတို့အပြင် တွက်ခြေကိုက်ပြီးရေရှည်တည်တံ့နိုင်မည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်း စသည့်နည်းလမ်းများအား ကျင့်သုံးခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံများတစ်ကမ္ဘာလုံး လုံးခြုံငုံဆက်စပ်ဖြစ်ပေါ်မှုအစဉ်(Globalization) လျှော့လျှော့လျူလျူ အမီ လိုက်ဖက်ညီထွေမှုရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှုကို စနစ်တကျလျှော့နည်းပပျောက်အောင်ဆောင်ရွက်သွားရန် ကူညီပေးလျက်ရှိသည်။

## ၂၈။ သဘာဝဘေးအန္တရာယ်ခံရသူများအားအကူအညီပေးခြင်း

သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ၌လည်းကောင်း၊ အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာသည့်အခါများ၌လည်းကောင်း ကုလသမဂ္ဂအဖွဲ့ကြီးသည် ဒုက္ခသည်များအား ကူညီထောက်ပံ့ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့အစည်းအဝေးအသီးသီးသည် ကြက်ခြေနီ၊ လခြမ်းနီတို့နှင့်လည်းကောင်း၊ အစိုးရအကူအညီပေးရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အလှူရှင်များနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်း၍ အမိကလိုအပ်သည့် လူသားချင်းစာနာသည့်အကူအညီများကို ပေးလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် အရေးပေါ်အကူအညီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ ကျော်ရရှိအောင် မေတ္တာရပ်ခံ စုဆောင်းလျက်ရှိသည်။

## ၂၉။ သဘာဝဘေးအန္တရာယ်ခံရမှု လျော့နည်းအောင်ဆောင်ရွက်ခြင်း

ကမ္ဘာ့မိုးလေဝသအဖွဲ့(ဒဗလျူအမ်အို-WMO)သည် သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လူတို့ဖန်တီးသည့် လေဘေးဒုက္ခကြောင့်လည်းကောင်း လူသန်းပေါင်းများစွာတို့ ကံဆိုးမိုးမှောင်ကျမှုမှ ရှောင်ရှားနိုင်အောင် ကူညီပံ့ပိုးပေးခဲ့သည်။ ဒဗလျူအမ်အို၏ ဂြိုလ်တုဆက်သွယ်ရေးစခန်းများနှင့် မြေပြင်လေ့လာရေးစခန်းများထောင်ပေါင်းများစွာပါဝင်သည့် ကြိုတင်သတိပေးစနစ်များကြောင့် ရာသီဥတုနှင့်ဆက်နွယ်နေသည့် အလွန်ဆိုးဝါးသော ဘေးဆိုးကပ်ဆိုးကြီးများကို ကြိုတင်ခန့်မှန်းနိုင်အောင်လည်း ဆောင်ရွက်လျက်ရှိသည်။ အလားတူ ရေနံယိုဖိတ်စုပုံနေသည့်နေရာများသတင်းကို ဖြန့်ဖြူးပေးခြင်း၊ဓါတုဗေဒပစ္စည်းနှင့်နျူကလီးယားယိုစိမ့်မှုအန္တရာယ်သတင်းပေးချက်များကိုလည်း ဆောင်ရွက်ပေးနေသည်။ ကာလကြာမြင့်စွာ မိုးခေါင်ရည်ရှားဖြစ်မည့်အခြေအနေကိုလည်း ကြိုတင်ခန့်မှန်းပေးလျက်ရှိသည်။ ထို့အပြင် မိုးခေါင်ရေရှားဖြစ်နေသည့်ဒေသများသို့ စားနပ်ရိက္ခာအကူအညီများ အလုံအလောက်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေသည်။

## ၃၀။ ဆူနာမီငလျင်ဒဏ် ခံရသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများပေးပို့ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၆ ရက်နေ့က အိန္ဒိယသမုဒ္ဒရာတွင် ကျရောက်ခဲ့သော ဆူနာမီငလျင်ကြီးလှုပ်ပြီး ၂၄နာရီအတွင်း ငလျင်ဒါဏ်အဆိုးရွားဆုံးခံရသည့်ဒေသများသို့ သဘာဝဘေးအန္တရာယ် အကဲဖြတ်ရေးနှင့်ညှိနှိုင်းရေးအဖွဲ့များ စေလွှတ်ပေးခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် ငလျင်ဘေးဒဏ်ကြောင့် အသက်မသေဘဲ ကျန်ရစ်သူများအားလည်း အရေးပေါ်အကူအညီများ ချက်ချင်းပေးခဲ့သည်။ လူ ၁ ဒသမ ၇ သန်းကျော်တို့အား ရိက္ခာများ ဖြန့်ဝေပေးခဲ့သည်။ အိုးမဲ့အိမ်မဲ့ဖြစ်သူ ၁ ဒသမ ၁ သန်း ကျော်တို့အား နေထိုင်စရာများပြုလုပ်ပေးခဲ့သည်။ လူတစ်သန်းကျော်တို့အတွက် သောက်သုံးရေများဖြန့်ဝေပေးခဲ့သည်။ ကလေးသူငယ် ၁ ဒသမ ၂ သန်းကျော်တို့အား ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးပေးခဲ့သည်။ ကုလသမဂ္ဂကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်သည့် ပထမခြောက်လအတွင်း ယင်းကဲ့သို့ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အသက်မသေဘဲ ကျန်ရစ်သူများအတွက် လူသားချင်းစာနာသည့် အကူအညီများကို မြန်မြန်ထက်ထက်နှင့် ထိထိရောက်ရောက် ဖြန့်ဝေပေးခဲ့သည်။ ရောဂါဘယများ မဖြစ်ပွားရအောင် ဆောင်ရွက်ပေးခဲ့သည်။

### ၃၁။ အိုဇုန်းလွှာများအား အကာအကွယ်ပေးခြင်း

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(ယူအင်အီးပီ-UNEP)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့(ဒဗလျူအမ်အို-WMO) တို့သည် ကမ္ဘာ့အိုဇုန်းလွှာကြောင့် ပျက်စီးဆုံးရှုံးရမှုများပေါ်လွင်အောင် အဓိကထုတ်ဖော်ပေးသည့် အဖွဲ့အစည်းများဖြစ်သည်။ "မွတ်ထရီယယ်ပရိုကိုး" ဟုခေါ်သည့် သဘောတူစာချုပ်တစ်ရပ်ကြောင့် ကမ္ဘာပေါ်ရှိ အစိုးရအဖွဲ့အစည်းများသည် အိုဇုန်းလွှာပျက်စီးစေသည့် ဓါတုဗေဒပစ္စည်းများကို ဖယ်ရှားလျက်ရှိသည်။ ပိုမို၍ အန္တရာယ်ကင်းသောပစ္စည်းများဖြင့် အစားထိုးကြသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ခရမ်းလွန်ရောင်ခြည် ဖြာထွက်ဒါဏ်ခံရခြင်းကြောင့် အရေပြားကင်ဆာဖြစ်ပွားမှုအန္တရာယ် ကြီးထွားလာမှုမှ လူသန်းပေါင်းများစွာတို့ ရှောင်ရှားနိုင်မည်ဖြစ်သည်။

### ၃၂။ ရာသီဥတု ပြောင်းလဲမှု ဝေဖန်ပြုလုပ်လာခြင်း

ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာအဖွဲ့အစည်း(ဂျီအီးအက်ဖ်-GEF)သည် ဖွံ့ဖြိုးဆဲနိုင်ငံများ ရာသီဥတုပြောင်းလဲမှု အန္တရာယ် လျော့နည်းသက်သာရေးအတွက်ကူညီနိုင်ရန် စီမံကိန်းရန်ပုံငွေများ စုဆောင်းထားရှိသည်။ ယင်းဂျီအီးအက်ဖ်ကို ၁၉၉၁ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ဂျီအီးအက်ဖ်သည် ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များအတွက် ရန်ပုံငွေထုတ်ပေးရာ တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်သည်။ ဂျီအီးအက်ဖ်သည် ဇီဝမျိုးစိတ်များထိန်းသိမ်းရန်၊ အိုဇုန်းလွှာကာကွယ်ရန်၊ နိုင်ငံတကာရေအရင်းအမြစ်များသန့်ရှင်းဆောင်ရွက်ရန်၊ မြေဆီလွှာခန်းခြောက်မှု တိုက်ဖျက်ရန်နှင့် အဆိပ်ဖြစ်စေသောဇီဝညစ်ညမ်းပစ္စည်းများ ဖယ်ရှားရန်တို့အတွက် ပြုလုပ်သောစီမံကိန်းများကိုလည်း ထောက်ခံအားပေးလျက်ရှိသည်။ ဂျီအီးအက်ဖ်သည် ၁၉၉၁ ခုနှစ်မှစ၍ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၅,၇၀၀ ထုတ်ပေးခဲ့သည်။ ထိုအထဲတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များအတွက် အသေးစားထောက်ပံ့မှုပေါင်း ၆၀၀၀ ပါဝင်သည်။ အခြားသော လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၏ ပူးတွဲငွေကြေးထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၈,၈၀၀ ဖြင့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ဂျီအီးအက်ဖ်သည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(ယူအင်ဒီပီ-UNDP)၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (ယူအင်အီးပီ-UNEP)နှင့် ကမ္ဘာ့ဘဏ်တို့ကို ပူပေါင်းဆောင်ရွက်လျက်ရှိသည်။

### ၃၃။ မြေမြှုပ်မိုင်းများ ရှင်းလင်းခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် အာဖဂန်နစ္စတန်၊ အင်ဂိုလာ၊ ဘော့စနီးယားနှင့် ဟာဇဂိုဗီးယား၊ အီရတ်၊ မိုဇမ်ဘစ်နှင့် ဆူဒန်နိုင်ငံတို့အပါအဝင် နိုင်ငံ(၃၀)ခန့်ရှိ မြေမြှုပ်မိုင်းများရှင်းလင်းရန် နိုင်ငံတကာကြိုးပမ်းမှုကို ဦးဆောင်ခဲ့သည်။ ယင်းမြေမြှုပ်မိုင်းများကြောင့် အပြစ်မဲ့ပြည်သူများကို နှစ်စဉ် ထောင်နှင့်ချီ၍ သေကြေပျက်စီးခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့ခြင်းများ ဖြစ်နေကြရဆဲဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် ပြည်သူများအား မြေမြှုပ်မိုင်း အန္တရာယ်မှ ကာကွယ်နိုင်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ မြေမြှုပ်မိုင်းဒါဏ်ခံနေရသူများ ကိုယ့်အားကိုယ်ကိုးနိုင်အောင် ကူညီပေးနေသည့်အပြင် အစုလိုက်အပြုံလိုက်ရှိနေသည့် မြေမြှုပ်မိုင်းများအား ရှင်းလင်းဖျက်ဆီးနိုင်အောင် သက်ဆိုင်ရာနိုင်ငံများအား အကူအညီများပေးလျက်ရှိသည်။

### ၃၄။ အဆင်းရဲဆုံး၊ အချို့တဲ့ဆုံးဖြစ်နေသူများကို ရိက္ခာဖြန့်ဝေပေးခြင်း

ကမ္ဘာပေါ်တွင် အကြီးဆုံး လူသားချင်းစာနာသည့် အဖွဲ့အစည်းကြီးဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ-WFP)သည် နှစ်စဉ်နှစ်တိုင်း ပျမ်းမျှခြင်းအားဖြင့် နိုင်ငံ(၈၀)ရှိ ငတ်မွတ်ခေါင်းပါးနေသူ လူ သန်း ၉၀ ကျော်ကို အကူအညီ ပံ့ပိုးပေးလျက်ရှိသည်။ ယင်းကူညီပံ့ပိုးပေးသူများတွင် ကမ္ဘာ့ဒုက္ခသည်အများစုနှင့် ပြည်တွင်းနေရာ ရွှေ့ပြောင်းခံနေရသူများ ပါဝင်သည်။ ဒဗလျူအက်ဖ်ပီသည် ရိက္ခာအကူအညီများကို ငတ်မွတ်နေသူများပါဝင်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များ၏ အလွန်အမင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေခြင်း ဖြစ်သည်။ ကျောင်းသားများ အာဟာရကျွေးမွေးရေးစီမံကိန်းအရ ကျောင်းသား၊ ကလေးငယ် (၁၇)သန်းကျော် အတွက် တစ်ဦးလျှင် အမေရိကန်သုံးငွေ ၁၉ ဆင့်နှင့်ညီမျှသော အစားအစာများ သို့မဟုတ် ရိက္ခာထုပ်များကို အခမဲ့ဖြန့်ဖြူးပေးလျက် ရှိသည်။ ဒဗလျူအက်ဖ်ပီ၏ ရိက္ခာထောက်ပံ့ပို့ဆောင်နိုင်မှုစွမ်းဆောင်ရည်သည် နည်းပညာ ထွန်းကားမှုနှင့် ဆက်စပ်နေသည်။ ရိက္ခာများကို မြင်း၊ နွား စသည်တို့နှင့် ပို့ဆောင်ပေးခဲ့ရသကဲ့သို့ လေယာဉ်များဖြင့်လည်း ပို့ဆောင်ပေးခဲ့ရသည်။ ဒဗလျူအက်ဖ်ပီသည် လွန်ခဲ့သည့်နှစ်၄၀ကာလအတွင်း ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံအများစုရှိ ပြည်သူ သန်း ၁,၄၀၀ နီးပါးကို ရိက္ခာမက်ထရစ်တန်ချိန် ၇၈ ဒသမ ၃ သန်း ကူညီ ထောက်ပံ့ပေးခဲ့သည်။ အမေရိကန် ဒေါ်လာသန်း ၃၃,၅၀၀ ရင်းနှီးမြှုပ်နှံခဲ့ရသည်။

## ၃၅။ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ခြင်း

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို-FAO)သည် ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်နိုင်ရေးအတွက် ကမ္ဘာကြီး၏ရေရှည်ကြိုးပမ်းမှုကို ရှေ့တန်းမှ ဦးဆောင်ပေးလျက်ရှိသည်။ အက်ဖ်အေအိုသည် ဖွံ့ဖြိုးပြီးနိုင်ငံများကိုရော ဖွံ့ဖြိုးဆဲနိုင်ငံများကိုပါ အထောက်အကူပြုလျက်ရှိပြီး ကြားနေအဖွဲ့အစည်းဖိုရမ်အဖြစ် ရပ်တည်ပေးနေသည်။ ယင်းဖိုရမ်သည် မူဝါဒများချမှတ်နိုင်ရေးအတွက် သဘောတူညီချက်များရရှိအောင် စေ့စပ်ညှိနှိုင်းနိုင်ရန် နိုင်ငံအားလုံး တန်းတူရည်တူ ပါဝင်ဆွေးနွေးနိုင်သည်။

## ၃၆။ ငါးအလွန်အကျွံ ဖမ်းဆီးခြင်းမှ ကာကွယ်ခြင်း

ကမ္ဘာပေါ်ရှိ ငါး ၁၆ ရာခိုင်နှုန်းသည် အလွန်အကျွံဖမ်းဆီးခြင်း ခံနေရပြီး ၈ ရာခိုင်နှုန်းသည် သိသိသာသာ မျိုးပြုန်းတော့မည့် အနေအထားတွင် ရှိနေသည်။ အက်ဖ်အေအိုသည် ရေထွက်ပစ္စည်းထုတ်လုပ်မှုများကို စောင့်ကြပ် စိစစ်နေရသည့်အဖွဲ့ ဖြစ်သည်။ အက်ဖ်အေအိုသည် အလွန်အကျွံ ငါးဖမ်းဆီးခြင်းကြောင့် ပျက်စီးဆုံးရှုံးရမှု မဖြစ်စေရန် သတိပေးနှိုးဆော်မှုများ ပြုလုပ်နေရသည်။ ထိုအလွန်အကျွံ ငါးဖမ်းဆီးမှုကြောင့် အက်ဖ်အေအိုနှင့် ယင်းအဖွဲ့ဝင်နိုင်ငံများသည် ၁၉၉၅ခုနှစ်တွင် ငါးဖမ်းဆီးမှုဆိုင်ရာစည်းကမ်းဥပဒေကို စုပေါင်းပြဋ္ဌာန်းခဲ့ကြရသည်။

## ၃၇။ အဆိပ်ဖြစ်စေသော ဓာတုဗေဒပစ္စည်းများ တားမြစ်ခြင်း

ဆက်တိုက်ဖြစ်ပေါ်တတ်သော ဇီဝညစ်ညမ်းမှုများဆိုင်ရာ စတော့ဟုမ်းညီလာခံကြီးက အကြီးမားဆုံး အန္တရာယ်ရှိသည့် ဓာတုဗေဒပစ္စည်းအချို့ကို ဤကမ္ဘာမြေမှဖယ်ရှားပစ်ရန် နည်းလမ်း ရှာဖွေခဲ့သည်။ အဆိုပါ ကုလသမဂ္ဂဆိုင်ရာညီလာခံကြီးသည် လူကိုသေစေနိုင်ခြင်း၊ အာရုံကြောဖွဲ့စည်းမှုစနစ်နှင့် ကိုယ်ခံအားကိုပျက်စီးစေခြင်း၊ ကင်ဆာရောဂါဖြစ်ပွားစေခြင်း၊ အမျိုးပွားမှုစနစ်တကျမဖြစ်စေခြင်း၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဟန့်တားနိုင်ခြင်းတို့ဖြစ်စေနိုင်သည့် ဘေးအန္တရာယ်များလှသောပိုးများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဓာတုဗေဒပစ္စည်းများ စုစုပေါင်း ၁၂ မျိုးကို အဓိကထား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အခြားသော ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့် လုပ်ငန်းအစီအစဉ်များသည် ဇီဝမျိုးကွဲများအား ကာကွယ်ရာ၌ ကူညီဆောင်ရွက်ပေးခဲ့သည်၊ ရာသီဥတုပြောင်းလဲမှုကို အလေးဂရုပြုလေ့လာသကဲ့သို့ မျိုးတုံးတော့မည့်အန္တရာယ်ရှိနေသည့်မျိုးစိတ်များကို ကာကွယ်ရာ၌လည်း ကူညီပံ့ပိုးခဲ့သည်။ ထို့အပြင် သဲကန္တာရများဖြစ်ပေါ်မလာအောင်ဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာ ပင်လယ်ရေများ သန့်ရှင်းအောင်ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ်များသောစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်မလာအောင်ကာကွယ်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

## ၃၈။ စားသုံးသူများ ကျန်းမာရေး အကာအကွယ်ပေးခြင်း

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့သည် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အစားအစာများအန္တရာယ်ကင်းရှင်းစေရန် အစားအသောက်ပစ္စည်းအမျိုး ၂၀၀ ကျော်ကို "စံ"များ သတ်မှတ်ပေးခဲ့သည်။ အလားတူ စည်သွပ်ပစ္စည်း ၃,၀၀၀ ကျော်ကို ဘေးအန္တရာယ် ကင်းရှင်းရေး စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ပေးခဲ့သည်၊ အစားအစာများ အဆင်သင့်ထုတ်လုပ်မှု၊ သယ်ဆောင်မှုနှင့် သိုလှောင်မှုဆိုင်ရာ စည်းမျဉ်းများကိုလည်း ချမှတ်ပေးထားသည်။ အစားအသောက်ပစ္စည်းများ၌ အမှတ်တံဆိပ်များကပ်ရာတွင်လည်းကောင်း၊ အညွှန်းစာသားများ ဖော်ပြရာတွင်လည်းကောင်း၊ "စံ"များကို ထည့်သွင်းဖော်ပြထားသဖြင့် စားသုံးသူကို အန္တရာယ်မဖြစ်အောင် ကူညီ၍ အကာအကွယ်ပေးနိုင်သည်။

## ၃၉။ အကြမ်းဖက်ဝါဒတိုက်ဖျက်ခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာအကြမ်းဖက်လုပ်ရပ်များအား တိုက်ဖျက်နိုင်မည့်စည်းမျဉ်းဥပဒေမူဘောင်များ စနစ်တကျချမှတ်ဆောင်ရွက်လျက်ရှိသည်၊ ကုလသမဂ္ဂအောက်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ဥပဒေစည်းကမ်း ၁၃ ခုကို ညှိနှိုင်းချမှတ်ထားသည်။ ယင်းဥပဒေစည်းကမ်းများတွင် ဓားစာခံဖမ်းဆီးထားမှုဆန့်ကျင်ရေးဆိုင်ရာစာချုပ်၊ လေယာဉ်အပိုင်စီးမှုဆန့်ကျင်ရေးစာချုပ်၊ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆန့်ကျင်ရေးစာချုပ်၊ အကြမ်းဖက်လုပ်ရပ်အပေါ်တွင် ငွေကြေးထောက်ပံ့မှုဆန့်ကျင်ရေးစာချုပ်၊ နျူကလီးယားအကြမ်းဖက်လုပ်ရပ်ဆန့်ကျင်ရေးစာချုပ်များ ပါဝင်သည်။ ယင်းစာချုပ်အားလုံးကို နိုင်ငံ ၆၃ နိုင်ငံက ၂၀၀၅ခုနှစ် ဇွန်လက အတည်ပြု

ခဲ့သည်။ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဆိုင်ရာ အမိပ္ပါယ်အနှစ်သာရပြည့်ဝသည့် ကွန်ဗင်းရှင်းအသစ် ပြဋ္ဌာန်းနိုင်ရေးအတွက် မူကြမ်းရေးဆွဲလျက်ရှိသည်။ ကုလသမဂ္ဂအကြမ်းဖက်ဝါဒဆန့်ကျင်ရေးကော်မီတီတစ်ရပ်သည် စက်တင်ဘာ ၁၁ (၉/၁၁) အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့နိုင်ငံများပေးခဲ့ကြသည့် ကတိကဝတ်များအား မည်သို့မည်ပုံ လိုက်နာအကောင်အထည်ဖော်နေကြသည်ကို စောင့်ကြည့်အကဲခတ်လျက်ရှိသည်။ ထို့အပြင် ထိုကော်မီတီသည် အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေး ပူပေါင်းဆောင်ရွက်မှု ရရှိရန်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်ပြစ်မှုဆိုင်ရာရုံးနှင့် အခြားသောကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများသည် အကြမ်းဖက်လုပ်ရပ်တိုက်ဖျက်နိုင်စွမ်း ပိုမိုတောင့်တင်းအောင် ဆောင်ရွက်နေသည့် နိုင်ငံ ၁၀၀ ကျော်တို့အား အကူအညီများပေးလျက်ရှိသည်။

## ၄၀။ သားသမီးမျိုးပွားမှုနှင့် မိခင်ကျန်းမာရေး အထောက်အကူပြုခြင်း

ကုလသမဂ္ဂလူဦးရေဆိုင်ရာရန်ပုံငွေအဖွဲ့(ယူအင်အက်ဖ်ပီအေ-UNFPA)သည် စေတနာ့ဝန်ထမ်း မိသားစုစီမံကိန်းအစီအစဉ်များဖြင့် မိသားစုများ ကလေးမည်မျှ မွေးဖွားမည်၊ မည်သည့်အချိန်တွင် မွေးမည်ဆိုသည်ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိအောင် အထောက်အကူပြုကာ မိသားစုများ အထူးသဖြင့် အမျိုးသမီးများ မိမိတို့နေထိုင်မှုဘဝကို ပိုမိုထိန်းသိမ်းကွပ်ကဲနိုင်စေရန်လည်းကောင်း၊ အသိပညာကျွမ်းကျင်စွာဖြင့် ရွေးချယ်နိုင်ရန်လည်းကောင်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီးများသည် ကလေးအနည်းငယ်သာ ရယူနိုင်ခဲ့ကြသည်။ အိမ်ထောင်ရှင်အမျိုးသမီးများသည် ၁၉၆၀ပြည့်နှစ်များက ကလေးခြောက်ယောက်ယူခဲ့ရာမှ ယနေ့ ကလေးသုံးယောက်သာ ယူခဲ့ကြသည်။ ကမ္ဘာ့လူဦးရေတိုးပွားနှုန်းသည်လည်း နှေးကွေးလာသည်။ ယူအင်အက်ဖ်ပီအေသည် ၁၉၆၉ခုနှစ်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယင်းသို့ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့စဉ်က ဇနီးမောင်နှံ စုံတွဲ ၂၀ ရာခိုင်နှုန်းအောက်ကသာ မိသားစုစီမံကိန်းချနိုင်ခဲ့ရာမှ ယခုအခါ ၆၁ ရာခိုင်နှုန်းအထိတိုး၍ မိသားစုစီမံကိန်းချထားကြပြီဖြစ်သည်။ ယူအင်အက်ဖ်ပီအေနှင့် လုပ်ဖော်ကိုင်ဖက်များကလည်း ကလေးမွေးဖွားမှုတွင် ကျွမ်းကျင်သည့် အထောက်အကူများရရှိအောင် ကူညီပေးခဲ့သည်။ ထို့အပြင် သားဖွားမှုဆိုင်ရာ အရေးပေါ်ကုသစောင့်ရှောက်မှုများ ရရှိအောင်လည်း ကူညီခဲ့သည်။ ထိုမှမက မိခင်သေဆုံးမှုနှုန်းလျော့ကျစေရန် မိသားစုစီမံကိန်းများ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

## ၄၁။ အဓိကကျသော နိုင်ငံတကာပဋိပက္ခများတွင် တရားနည်းလမ်းကျ ဖြေရှင်းနိုင်ခြင်း

အပြည်ပြည်ဆိုင်ရာတရားရုံးသည် အဆုံးအဖြတ်ပေးခြင်းနှင့် တရားဥပဒေဆိုင်ရာ အကြံဉာဏ်ပေးခြင်းတို့ဖြင့် နယ်မြေအတွင်း အငြင်းပွားမှုပြဿနာများ၊ သံတမန်ဆက်ဆံရေးပြဿနာများ၊ ဓားစာခံဖမ်းဆီးထားမှုပြဿနာများ၊ နိုင်ငံခိုလှုံခွင့်ပြဿနာများနှင့် စီးပွားရေးရပိုင်ခွင့်ပြဿနာများ စသည့်ပြဿရပ်အသီးသီးကို ကူညီဖြေရှင်းပေးလျက်ရှိသည်။

## ၄၂။ ကမ္ဘာ့ကုန်သည်မှုဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း

ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာညီလာခံ(အန်းတက်-UNCTAD)သည် ဖွံ့ဖြိုးဆဲနိုင်ငံများကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် ယင်းတို့၏ပို့ကုန်ပစ္စည်းများအပေါ် ဦးစားပေးဆက်ဆံမှုရရှိရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်စည်များအပေါ် တရားမျှတသည့်ဈေးနှုန်းရရှိစေရေးအတွက် နိုင်ငံတကာကုန်စည်သဘောသူညီချက်ရရှိအောင် ညှိနှိုင်းဆောင်ရွက်ထားသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာအခြေခံအဆောက်အအုံများ အဆင့်မြင့်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ယင်းတို့၏ ထုတ်ကုန်ပစ္စည်းများကို အမျိုးမျိုးထုတ်လုပ်နိုင်ရန်နှင့် ကမ္ဘာ့စီးပွားရေးတွင် တစ်သားတည်းပါဝင်နိုင်ရန်လည်း ကူညီပေးနေသည်။

## ၄၃။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ခြင်း

ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သည် နိုင်ငံများစွာတို့၏ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်အောင် ကူညီပေးသည့်အပြင် ငွေပေးငွေယူရှင်းတမ်းအခက်အခဲများ သက်သာအောင် အထောက်အကူပြုသည့် ယာယီငွေကြေးအကူအညီများလည်း ပေးလျက်ရှိသည်။ ထိုမှမက အစိုးရဘဏ္ဍာရေးအရာရှိများအားလည်း ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်အောင်လေ့ကျင့်ပညာပေးသင်တန်းများ ပေးလျက်ရှိသည်။

## ၄၄။ ကမ္ဘာ့သမုဒ္ဒရာကြီးများတွင် တည်ငြိမ်အေးချမ်းမှုရရှိအောင် အထောက်အကူပြုခြင်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် သမုဒ္ဒရာများဆိုင်ရာတစ်ခုတည်းသောကွန်ဗင်းရှင်းသဘောတူညီချက်အရ သမုဒ္ဒရာများကို စည်းကမ်းတကျအသုံးပြုနိုင်ရန် နိုင်ငံတကာ၏ကြိုးပမ်းအားထုတ်မှုများတွင် ရှေ့တန်းက ဦးဆောင်ပါဝင်ခဲ့သည်။ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနီးပါးက လက်ခံခဲ့သည်။ ၁၉၈၂ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းသဘောတူညီချက်သည် သမုဒ္ဒရာရေပြင်တွင်လည်းကောင်း၊ သမုဒ္ဒရာအောက်တွင်လည်းကောင်း လုပ်ရှားဆောင်ရွက်မှုအားလုံးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာမူဘောင်အဖြစ် ရောက်ရှိလာစေခဲ့သည်။ ယင်းကွန်ဗင်းရှင်းသဘောတူညီချက်သည် ပင်လယ်ရေကြောင်းသွားလာမှုဇုန်များသတ်မှတ်ခြင်း၊ အမျိုးသားပင်လယ်ရေကြောင်းဆိုင်ရာ တရားစီရင်ပိုင်ခွင့်သတ်မှတ်ခြင်း၊ ပင်လယ်ရေနက်ပိုင်းတွင် ရေကြောင်းသွားလာမှုဆိုင်ရာစည်းကမ်းသတ်မှတ်ခြင်း၊ ပင်လယ်ကမ်းခြေနိုင်ငံများနှင့် အခြားနိုင်ငံများ အခွင့်အရေးနှင့်အခွန်အကောက်တို့ကို သတ်မှတ်ခြင်း၊ ပင်လယ်သမုဒ္ဒရာရေပြင် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးတာဝန် သတ်မှတ်ခြင်း၊ ပင်လယ်ပြင်ဆိုင်ရာ သိပ္ပံသုတေသနပြုရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပင်လယ်သမုဒ္ဒရာရေနေ သက်ရှိသယံဇာတများ အရှည်တည်တံ့စွာအသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်းတို့အတွက် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားသည်။

## ၄၅။ လေကြောင်းနှင့် ပင်လယ်ရေကြောင်း သွားလာရေး တိုးတက်အောင်ပြုခြင်း

ကုလသမဂ္ဂအဖွဲ့အစည်းများသည် အန္တရာယ်ကင်းရှင်းစွာ ရေကြောင်းနှင့်လေကြောင်းသွားလာရေးဆိုင်ရာ "စံ"များသတ်မှတ်ရန်တာဝန်ရှိပေသည်။ နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့(အိုင်စီအေအို-ICAO)သည် အန္တရာယ်ကင်းရှင်းစွာ လေကြောင်းခရီးသွားလာနိုင်ရေးအတွက် နည်းလမ်းများ ချပေးထားသည်၊ ၁၉၄၇ခုနှစ်တွင် လူကိုးသန်း လေကြောင်းခရီးဖြင့် သွားလာခဲ့ရာမှ ခရီးသည် ၅၉၀ လေယာဉ်ပျက်ကျသေဆုံးခဲ့ရသည်၊ ၂၀၀၄ခုနှစ်တွင် လေယာဉ်ခရီးသည် သန်း ၃,၃၀၀ ရှိခဲ့ရာမှ လူ ၄၂၀ သာ သေဆုံးခဲ့ရသည်။ အလားတူ နိုင်ငံတကာရေကြောင်းသွားလာရေးအဖွဲ့(အိုင်အမ်အို-IMO)သည် ပင်လယ်လုံခြုံမှုပိုမိုရရှိအောင် ကူညီဆောင်ရွက်ခဲ့သည်။ သင်္ဘောဖြင့် ပင်လယ်ရေကြောင်းခရီးသွားလာခြင်းသည် ပိုမိုအန္တရာယ်ကင်းလာပြီး ပတ်ဝန်းကျင်အရည်အသွေးတိုးတက်လာသည်ကို စာရင်းဇယားများက ဖော်ပြနေသည်၊ သင်္ဘောခရီးကြောင့်ဆုံးရှုံးမှုသည် လျော့နည်းလာပြီး သေဆုံးမှုနှုန်း ကျဆင်းလာပါသည်။ ညစ်ညမ်းမှုကြောင့်ဖြစ်သော မတော်တဆမှုများ လျော့ကျလာသည်။ ရေနံကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုပမာဏလည်း ယုတ်လျော့လာသည်။ လေထုညစ်ညမ်းမှုနှင့် အညစ်အကြေးများကြောင့်ဖြစ်ပေါ်သည့် ညစ်ညမ်းမှု မရှိအောင်လည်း ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ရေကြောင်းမှ ပို့ဆောင်သည့် ကုန်စည်ပမာဏသည်လည်း တစ်နေ့တစ်ခြား တိုးတက်လာနေပါသည်။

## ၄၆။ တရားမဝင် မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ခြင်း

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်ပြစ်မှုဆိုင်ရာရုံးသည် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချမှုလျော့ကျရေး၊ ဝယ်ယူမှုလျော့ကျရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးလျော့ကျရေးတို့အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသုံးခုကို အခြေခံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မူးယစ်ဆေးဝါးအလွဲသုံးမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် လူမှုရေးနှင့်ကျန်းမာရေးအကျိုးဆက်များကိုလည်း အာရုံစိုက်လေ့လာလျက်ရှိသည်။ ယင်းအကျိုးဆက်များတွင် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်ဖြစ်ပွားသည့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုပြဿနာလည်း ပါဝင်သည်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံးသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ အကူအညီကို ရယူပြီး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ဆေးဝါးကုသရေးအစီအစဉ်ကို ထောက်ခံအားပေးကာ ဆင်းရဲသောတောင်သူများ တရားမဝင်မူးယစ်ဆေးဝါးသီးနှံအပေါ် မှီခိုအားထားနေရမှုမှ လျော့နည်းသက်သာစေမည့် အကူအညီပေးရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

## ၄၇။ နိုင်ငံတကာ ရာဇဝတ်ပြစ်မှုများ တိုက်ဖျက်ခြင်း

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံးသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများအား တုန့်ပြန်တိုက်ခိုက်နိုင်ရေးအတွက် ကမ္ဘာပေါ်ရှိ နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှု၊ ငွေမည်းကိုငွေဖြူဖြစ်အောင်ခဝါချမှု၊ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူမှောင်ခိုမှု၊ နေရာပြောင်းရွှေ့မှုများအားမှောင်ခိုရောင်းဝယ်မှုများအား ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ခြင်း၊ တိုက်ဖျက်ချေမှုန်းနိုင်ခြင်းအတွက် ဥပဒေလမ်းကြောင်းအရလည်းကောင်း၊ နည်းပညာအရလည်းကောင်း ကူညီပေးလျက်ရှိသည်။

**၄၈။ သိက္ခာရှိသော အလုပ်အကိုင်ဖြစ်ရေးအထောက်အကူပြုဆောင်ရွက်ခြင်း**

နိုင်ငံတကာအလုပ်သမားအဖွဲ့(အိုင်အယ်အို-ILO)သည် လွတ်လပ်စွာအသင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းဆွေးနွေးညှိနှိုင်းခွင့်အပါအဝင် လုပ်ငန်းခွင်တွင် "စံ"နှင့် အခြေခံမူများနှင့် အခွင့်အရေးများကို လက်တွေ့ကျင့်သုံးလျက်ရှိသည်၊ အတင်းအဓမ္မအလုပ်စေခိုင်းမှုဟူသမျှပပျောက်ရေး၊ ကလေးအလုပ်သမားဖျက်သိမ်းရေး၊ လုပ်ငန်းခွဲခြားဆက်ဆံမှု ချုပ်ငြိမ်းရေးဟူသော အခြေခံမူနှင့်အခွင့်အရေးများကို လက်တွေ့ကျင့်သုံးလျက်ရှိသည်။ အလုပ်အကိုင်တိုးမြှင့်ခန့်ထားခြင်း၊ အားလုံးအတွက် လူမှုရေးအကာအကွယ်ပေးခြင်းနှင့် အလုပ်ရှင်နှင့်အလုပ်သမား အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများကြား ခိုင်မာသည့်လူမှုရေးဆိုင်ရာဆွေးနွေးမှုများ အပြန်အလှန် ပြုလုပ်စေခြင်းတို့သည် နိုင်ငံတကာအလုပ်သမားအဖွဲ့(အိုင်အယ်အို-ILO)၏ အဓိကကျသော ဆောင်ရွက်ချက်များပင်ဖြစ်သည်။

**၄၉။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာရည်မြင့်မားအောင် ဆောင်ရွက်ခြင်း**

ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူကြီး ၇၆ ရာခိုင်နှုန်းသည် စာရေး စာဖတ်တတ်ကြပြီး၊ ကလေးသူငယ် ၈၄ ရာခိုင်နှုန်းတို့သည် မူလတန်းကျောင်းများတွင် ပညာသင်ကြားနိုင်ကြပြီ ဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်မှာ ၂၀၁၅ ခုနှစ်တွင် ကလေးသူငယ်အားလုံး မူလတန်းပညာကို အပြည့်အဝ ပြည့်စုံအောင် သင်ကြားနိုင်ရန်ပင်ဖြစ်သည်။ အမျိုးသမီးများပညာရည်မြင့်မားတိုးတက်ရေးရည်မှန်းချက်အစီအစဉ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၁၉၇၀ပြည့်နှစ်တွင် အမျိုးသမီးစာတတ်မြောက်မှုနှုန်း ၃၆ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၀ပြည့်နှစ်တွင် ၇၀ ရာခိုင်နှုန်းအထိ တိုးတက်လာစေခဲ့သည်။ ယနေ့ချမှတ်ထားသည့်ရည်မှန်းချက်မှာ ၂၀၁၅ခုနှစ်တွင် မိန်းကလေးအားလုံး မူလတန်းနှင့် အလယ်တန်းပညာတတ်မြောက်ကြရန်ဖြစ်သည်။

**၅၀။ ကလေးသူငယ်များအား ထောက်ခံအားပေးရန် ကမ္ဘာတစ်ဝှမ်းမှ ကတိကဝတ်များ ရရှိအောင် ဆောင်ရွက်ခြင်း**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်-UNICEF)သည် အယ်ဆာဗေဒိုနိုင်ငံမှ လက်ဘနွန်နိုင်ငံအထိလည်းကောင်း၊ ဆူဒန်နိုင်ငံမှ ယခင်ယူဂိုဆလားဗီးယားနိုင်ငံအထိလည်းကောင်း၊ အေးချမ်းသာယာမှုရရှိအောင် ကမကထပြု ဆောင်ရွက်ပေးခဲ့သည်၊ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားစဉ် ဖမ်းဆီးထားသည့် ကလေးငယ်များ မရှိမဖြစ်လိုအပ်သည့်ကာကွယ်ဆေးနှင့် အခြားအကူအညီများ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူညီချက်သည် နိုင်ငံ ၁၉၂နိုင်ငံ၏ ဥပဒေတစ်ရပ် ဖြစ်လာသည်၊ ကလေးသူငယ်များဆိုင်ရာ ၂၀၀၂ခုနှစ် ကုလသမဂ္ဂအထူးအစည်းအဝေးအပြီးတွင် နိုင်ငံပေါင်း ၁၉၀ မှ အစိုးရအဖွဲ့အစည်းများက ကျန်းမာရေး၊ ပညာရေး၊ အလွဲသုံးစားမှုဆန့်ကျင်ကာကွယ်ရေး၊ ခေါင်းပုံဖြတ်အညွန့်ခူးမှုတို့အပြင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆန့်ကျင်တိုက်ဖျက်ရေး စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် ရည်မှန်းချက်ပန်းတိုင်များ သတ်မှတ်ဆောင်ရွက်ရန် မိမိတို့ဆန္ဒအလျောက် ကတိကဝတ်များပေးခဲ့ကြသည်။

**၅၁။ သမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ ဗိသုကာအဆောက်အအုံနေရာများနှင့် သဘာဝအတိုင်းရှိနေသောနေရာများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်-UNICEF)သည် ရှေးဟောင်းအဆောက်အအုံများ၊ သမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် သဘာဝအတိုင်းရှိနေသောနေရာများကို ထိန်းသိမ်းကာကွယ်ထားနိုင်ရေးအတွက် နိုင်ငံ ၁၃၇ နိုင်ငံအား အကူအညီများပေးခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထင်ရှားသောသဘာဝအနေအထားများကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတကာသဘောတူညီချက်များရရှိအောင် ညှိနှိုင်းဆောင်ရွက်ထားသည်။

**၅၂။ ပညာရေးနှင့် ယဉ်ကျေးမှု အပြန်အလှန် ဖလှယ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း**

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယူနက်စကိုနှင့် ကုလသမဂ္ဂတက္ကသိုလ်တို့မှတဆင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့် သိပ္ပံပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတို့ကို အားပေးကူညီလျက်ရှိသည်၊ လူနည်းစုလူမျိုးများ၊ ဒေသခံဌာနေတိုင်းရင်းသားများအပါအဝင် အဖွဲ့အစည်းအချင်းချင်း ကွန်ယက်သဖွယ် ဆက်သွယ်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ဖော်မှု တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကိုလည်း ထောက်ခံအားပေးလျက်ရှိသည်။

**၅၃။ မူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်း**

ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(ဒဗလျူအိုင်ပီအို-WIPO)သည် ကမ္ဘာတစ်ဝှမ်းရှိ ဉာဏ်ပညာဆိုင်ရာဖန်တီးရှင်များနှင့် ပိုင်ရှင်များအား အကာအကွယ်ပေးလျက်ရှိသည်။ တီထွင်ထုတ်လုပ်သူများနှင့် စာရေးဆရာများအားလည်း အသိအမှတ်ပြုခံရအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ယင်းတို့၏ တီထွင်ကြံဆထုတ်လုပ်မှုများအတွက်လည်း ဆုများချီးမြှင့်ပေးလျက်ရှိသည်။ မူပိုင်ခွင့်ဥပဒေကို လူသားတို့၏ဖန်တီးနိုင်စွမ်းအားအဖြစ် အသိအမှတ်ပြု အကာအကွယ်ပေးလျက်ရှိသည်။ သိပ္ပံနှင့်နည်းပညာနယ်ပယ် ကျယ်ပြန့်လာစေရန် အားပေးလျက်ရှိပြီး ကမ္ဘာ့စာပေနှင့်အနုပညာများ ပိုမိုပြောင်မြောက်လာအောင်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အသိဉာဏ်ဖြင့် တီထွင်ကြံဆ ထုတ်လုပ်နိုင်သည့်ပစ္စည်းများ ဈေးကွက်တည်ငြိမ်မှုရှိလာစေရန်လည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။

**၅၄။ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့် တိုးတက်ရရှိအောင် အထောက်အကူပြုခြင်း**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်-UNICEF)သည် လူသားအားလုံး ဆင်ဆာဖြတ်တောက်မှုကင်းပြီး ယဉ်ကျေးမှုအရ အမျိုးမျိုးကွဲပြားခြားနားသော သတင်းအချက်အလက်များ ရယူခွင့်ရရှိအောင်ဆောင်ရွက်ကာ သတင်းမီဒီယာများဖွံ့ဖြိုးပြီး ခိုင်မာတောင့်တင်းစေရန် အကူအညီများပေးလျက်ရှိပြီး လွတ်လပ်သောသတင်းစာများနှင့် သတင်းလွှင့်ဌာနများအား ထောက်ခံပေးလျက်ရှိသည်။ ထို့အပြင် ယူနက်စကိုသည် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့် လုပ်ကြံသတ်ဖြတ်မှုနှင့် သတင်းစာဆရာများအား ဖမ်းဆီးချုပ်နှောင်ထားမှုတို့ကဲ့သို့သော ဆိုးရွားသည့် ဥပဒေချိုးဖောက်မှုများကို လူသိရှင်ကြား ပြစ်တင်ရှုတ်ချရေးတို့အတွက် စောင့်ကြည့်လေ့လာဖော်ထုတ်လျက် ရှိသည်။

**၅၅။ ဆင်းရဲသားရပ်ကွက်များကို သင့်တင့်လျောက်ပတ်သော လူနေအခြေတကျနေရာအဖြစ်ပြောင်းလဲခြင်း**

ယခုအခါ လူဦးရေထက်ဝက်ခန့်သည် မြို့ကြီးပြကြီးများတွင်နေထိုင်ကြသည်။ မြို့ကြီးပြကြီးများသည် ချမ်းသာကြွယ်ဝမှုနှင့်အခွင့်အလမ်းများကို ဖြစ်ထွန်းစေသော စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းစဉ်များဖြစ်သည့် အမျိုးသားကုန်ထုတ်လုပ်မှုနှင့်စားသုံးမှုတို့အတွက် အချက်အချာကျသောနေရာများ ဖြစ်သည်။ သို့ရာတွင် ယင်းနေရာများသည် ရောဂါဘယ၊ မှုခင်း၊ လေထုညစ်ညမ်းခြင်းနှင့် ဆင်းရဲခြင်း နေရာများလည်း ဖြစ်သည်။ မြို့ကြီးပြကြီးအများစုတွင် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိမြို့ကြီးများတွင် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် ဆင်းရဲသားများဖြစ်ပြီး ခိုလှုံစရာနေရာ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့သည် အနည်းငယ် သို့မဟုတ် လုံးဝမရရှိကြပေ။ ဟဲဗီးတက် (HABITAT)သည် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၆၀ နိုင်ငံတွင် နည်းပညာဆိုင်ရာအစီအစဉ်နှင့်စီမံကိန်း ၁၅၀ ကျော်တို့ကို အစိုးရ၊ သက်ဆိုင်ရာအာဏာပိုင်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း များနှင့်အတူ မြို့ကြီးပြကြီးများနှင့် မြို့ငယ်များအတွက် ဆန်းသစ်သောဖြေရှင်းချက်များရရှိရန် လုပ်ဆောင်သည်။ ယင်းဖြေရှင်းချက်များတွင် တန်ဖိုးနည်းအိမ်ရာလုပ်ငန်းနှင့် အခြေခံဝန်ဆောင်မှုများတွင်ရင်းနှီးမြှုပ်နှံမှုများအတွက် ဓါတ်ကူပစ္စည်းအဖြစ် ပြန်လည်အသုံးပြုထားသည့် တောနေ သူဆင်းရဲများအတွက် လုံခြုံမှုရရှိရန် ထောက်ပံ့ပေးခြင်း တို့ပါဝင်သည်။

**၅၆။ ကမ္ဘာ့စာပို့လုပ်ငန်း တိုးတက်အောင်ဆောင်ရွက်ခြင်း**

နိုင်ငံတကာစာပို့လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရာတွင် အဓိကကျသည့်အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့စာပို့သမဂ္ဂသည် စာပို့လုပ်ငန်းကို နောက်ဆုံးထုတ်ပစ္စည်းများနှင့် ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများအတွက် အမှန်တကယ်ပင် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော လုပ်ငန်းဖြစ်လာစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘာ့စာပို့သမဂ္ဂသည် နိုင်ငံတကာစာ(ချောစာ၊ ချောထုပ်) အပေးအယူလုပ်ငန်းများအတွက် စည်းကမ်းချက်များ ချမှတ်ပေးပြီး စာ(ချောစာ၊ ချောထုပ်)ပမာဏ ပိုမိုကြီးထွားကျယ်ပြန့်လာအောင်နှင့် စာပို့လုပ်ငန်းအသုံးချသူများအတွက် ဝန်ဆောင်မှုအရည်အသွေး တိုးတက်ကောင်းမွန်အောင် လှုံ့ဆော်ဆောင်ရွက်ရာ၌ အားပေးကူညီလျက်ရှိသည်။ ကမ္ဘာ့စာပို့သမဂ္ဂအဖွဲ့ နိုင်ငံ ၁၉၀ တို့၏ စာပို့လုပ်ငန်းသည် တစ်နှစ်လျှင် စာပို့လုပ်ငန်းအမျိုးအစား ၄၃၀,၀၀၀ ခန့်ကိုဆောင်ရွက်နေခြင်းဖြင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရုပ်ဝြပ်ပိုင်းဆိုင်ရာ ဖြန့်ချီရေးလုပ်ငန်းကြီးအဖြစ် ဖွဲ့စည်းရပ်တည်လျက်ရှိသည်။

**၅၇။ တိုးတက်သော စိုက်ပျိုးရေးနည်းပညာရရှိစေခြင်းနှင့် စိုက်ပျိုးစရိတ် လျော့ကျစေခြင်း**

အာရှအလုပ်သမားများသည် သီးနှံအထွက်တိုးအောင်၊ စိုက်ပျိုးရေးမူဝါဒပြုပြင်ပြောင်းလဲအောင်၊ လယ်ယာလုပ်ငန်းတွင် ဒေသခံများ ပါဝင်လုပ်ကိုင်အောင် ဆောင်ရွက်ပေးနေသည့် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ အကူအညီဖြင့် တစ်နှစ်လျှင် ပိုးသတ်ဆေးစရိတ် အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော် သက်သာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအနေနှင့်လည်း ပိုးသတ်ဆေးစရိတ်ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော် သက်သာခဲ့သည်။ ယင်းကဲ့သို့ ပိုးသတ်ဆေးစရိတ်သက်သာမှုကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ကျန်းမာရေးတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ဖိုးခန့် အကျိုးသက်ရောက်မှု ရှိနေသည်ကို တွေ့ရသည်။

**၅၈။ မသန်စွမ်းသူများ အခွင့်အရေးတိုးတက်ရရှိအောင် အထောက်အကူပြုပေးခြင်း**

ကုလသမဂ္ဂအဖွဲ့ကြီးသည် မသန်စွမ်းသူများအား အပြည့်အဝ တန်းတူရည်တူ ဆက်ဆံရေးအတွက် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်တိုက်ပွဲဝင်လျက်ရှိသည်။ မသန်စွမ်းသူများ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးလောကတွင် ပါဝင်နိုင်အောင် အထောက်အကူပြုပေးလျက်ရှိသည်။ မသန်စွမ်းသူများသည် လူ့ဘောင်လောကအတွက် အင်အားတစ်ရပ်ဖြစ်သည်ဆိုသည်ကို ကုလသမဂ္ဂအဖွဲ့ကြီးက ထုတ်ဖော်ပြသနေပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူများ အခွင့်အရေးနှင့် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်ရန် ပထမဦးဆုံး သဘောတူညီချက် ရရှိအောင် ကုလသမဂ္ဂအဖွဲ့ကြီးက မူကြမ်းရေးဆွဲနေပြီဖြစ်သည်။

**၅၉။ ကမ္ဘာ့ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း**

ကမ္ဘာ့ကြေးနန်းဆက်သွယ်ရေးသမဂ္ဂ(အိုင်တီယူ-ITU)သည် ကမ္ဘာ့ကြေးနန်းဆက်သွယ်ရေးကွန်ယက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန်နှင့် အချင်းချင်းညှိနှိုင်းဆောင်ရွက်ရန် အစိုးရအဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ကြေးနန်း ဆက်သွယ်ရေး သမဂ္ဂသည် ရေဒီယိုအသံလှိုင်းခွဲဝေအသုံးပြုရေးအတွက် ညှိနှိုင်းပေးနိုင်ခဲ့ပြီး၊ ဆက်သွယ်ရေးဂြိုလ်တု လွှတ်တင်ရေးလုပ်ငန်းတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

**၆၀။ ဒေသခံဌာနေတိုင်းရင်းသားပြည်သူများဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်း**

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာတစ်ဝှန်းရှိ နိုင်ငံ ၇၀ တွင် နေထိုင်ကြသည့် ဒေသခံဌာနေတိုင်းရင်းသားပြည်သူ သန်း ၃၇၀ တို့ ခံစားနေရသော မတရားမှုများကို ဖော်ထုတ်ပေးလျက်ရှိသည်။ ယင်းတိုင်းရင်းသားများသည် ကမ္ဘာပေါ်တွင်တိုးတက်မှုအနည်းဆုံး၊ ခေတ်နောက်အကျဆုံးနှင့် လုံခြုံမှုကင်းမဲ့ဆုံး အခြေအနေ၌ပင် ရှိနေကြသည်။ ခေတ်နောက်ကျကျန်ရစ်နေသော တိုင်းရင်းသားများဆိုင်ရာအဖွဲ့ဝင် ၁၆ ဦးပါ အမြဲတမ်းဖိုရမ်ကို ၂၀၀၀ပြည့်နှစ်တွင် ထူထောင်ခဲ့သည်။ ယင်းဖိုရမ်အဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ ခေတ်နောက်ကျနေသော တိုင်းရင်းသားပြည်သူများ ဘဝအခြေအနေ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်အခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးတို့ပါဝင်သော ကဏ္ဍများ၌ တိုးတက်မြင့်မားအောင် လုပ်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။